# ငရုတ်ကောင်းတွင် ကျရောက်တတ်သောရောဂါများနှင့်ကာကွယ်နှိမ်နင်းနည်းများ

## (၅) မြစ်ဖုနီမတုတ် (Root knot nematode)

**ရောဂါဖြစ်စေသက်ရှိ -** **Meloidogyne incognita**

**ရောဂါလက္ခဏာများ**

မြစ်ဖုနီမတုတ်တိုက်ခိုက်ခံရပါက အရွက်များသည် တစ်ဖြည်းဖြည်းဝါလာပြီး အပင်ကြီး ထွားမှုလည်းအားနည်းလာသည်။ အပင်၏ကျန်းမာသန်စွမ်းမှုလည်းလျော့နည်းလာ သည်။ အပင်ကို နှုတ်ယူကြည့်ပါကအမြစ်များတွင် မြစ်ဖုများဖြစ်ပေါ်နေသည်ကို တွေ့ရသည်။



**ကာကွယ်နှိမ်နင်းနည်းများ**

- ပျိုးထုပ်တွင်အသုံးပြုသောမြေများကို နေရောင်ခြည်ဖြင့်ပိုးသတ်ခြင်းဆောင်ရွက်ပြီးမှ အသုံးပြုပါ။
- ကျန်းမာသန်စွမ်းသောပျိုးပင်များကိုသာ စိုက်ပျိုးပါ။
- ရောဂါရပျိုးပင်နှင့်စိုက်ခင်းမှအပင်များအားနှုတ်ယူဖျက်ဆီးမီးရှို့ပစ်ပါ။
- အပင်များကျန်းမာသန်စွမ်းရန် မြေဩဇာကို ပြည့်စုံအောင်ကျွေးပါ။
- စိုက်ဘောင်တွင် နီမတုတ်သတ်ဆေး Fosthiazate 10 G (ဖော့စ်သီယာဇိတ်) ဆေးခဲ အား (၆-၁၀ ကီလိုဂရမ်/ဧက) နှုန်းထည့်သွင်း၍ ကာကွယ်နှိမ်နင်းပါ။